

## ဗိုလ်ချုပ်အောင်ဆန်းသို့ အလွမ်း

သူ့ကို ရရှိခဲ့လို့
မြန်မာပြည်ဟာ ကံအကောင်းဆုံး ဖြစ်ခဲ့ရသလို
သူ့ကို ဆုံးရှုံးခဲ့ရလို့
မြန်မာပြည်ဟာ ကံအဆိုးဆုံးလည်း ဖြစ်ခဲ့တယ်။

သူ့လို မဖြောင့်မြတ်တဲ့ ခေါင်းဆောင်တွေကြောင့်
မြန်မာပြည်သူတွေ နာကျင်ခံစားနေကြရသလို
သူ့သမိုင်းကို ချိုးဖျက်ချင်တဲ့ အဓမ္မသမားတွေကြောင့်
မြန်မာပြည်သူတွေ နာကြည်းခံပြင်းကြရတယ်။

သူ့လို မဟုတ်ဘဲ
အာဏာရှင်ကို အလုပ်အကျွေးပြုတဲ့ သူ့သားကြီးကြောင့်
မြန်မာပြည်သူတွေ ဝမ်းနည်းကြေကွဲကြရသလို
သူ့လိုမျိုး
လူထုဘက်က ထာဝရရပ်တည်တဲ့ သူ့သမီးကြောင့်
မြန်မာပြည်သူတွေ ဂုဏ်တက်ရပြန်တယ်။

သူရှိတုန်းကတော့
သူတည်ထောင်ခဲ့တဲ့ တပ်မတော်ကြီးဟာ
ပြည်သူသာ အမိ၊ ပြည်သူသာ အဖ
တပ်နဲ့ ပြည်သူ တစ်သားတည်းကျနေခဲ့။

သူမရှိတဲ့နောက်
တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖ
ပြည်သူဆိုတာ
စစ်ဖိနပ်များအောက်က အနင်းခံ သဲမှုန်ကလေးများသာ။

ရှိတုန်းကလည်း
တန်ဖိုး အကြီးမားဆုံး
မရှိတော့တဲ့အခါမှာလည်း
တန်ဖိုးအကြီးမားဆုံး ဖြစ်နေဆဲ
'တစ်နှစ်အတွင်း ဒီမိုကရေစီရဖို့'
'ရရင်ရ မရရင်ချဖို့'
ကျနော်တို့ဆီ ပြန်လာခဲ့ပါလား ဗိုလ်ချုပ်ရယ်
လွမ်းတယ် . . . ဗျ။ ။

အောင်ခင်
ဇူလိုင် ၂၀၊ ၂၀၁၁